Message Four

# ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်း

# (၁)

# ဧမာနွေလဖြစ်သောခရစ်တော်နှင့်အတူ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့၌ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ရှိခြင်း

ဖတ်ရန်ကျမ်း။ ။ မါ၁း၂၁–၂၃။ ၁ဂး၂၀။ ၂ဂး၂၀။ ၂တိ၊၄း၂၂။ ယော၁၄း၁၇

**I. ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ခြင်းမှာ ကိုယ်တော်၌ တည်နေခြင်း၊ ကိုယ်တော်၌ မြဲနေခြင်း၊ ကျွန်ုပ်တို့၏ အိမ်ဖြစ်သော ကိုယ်တော်၌ ကိန်းဝပ်နေခြင်းဖြစ်သည်။ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့် အတူ အသက်ရှင်ခြင်းမှာ ကိုယ်တော့်ကို ကျွန်ုပ်တို့၌ တည်နေစေခြင်းဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်၊ ကိုယ်တော်၏ပုဂ္ဂိုလ်တော်ကို ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ်တို့နှင့်အတူရရှိမည်ဖြစ်သည် – ယော၁၅း၄။**

က။ တည်နေသောဝိညာဉ်တော်၊ ကိန်းဝပ်နေသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့် သုံးပါးတစ်ပါးဘုရား၏ အပြန်အလှန် တည်နေသော၊ အပြန်အလှန်ကိန်းဝပ်နေသော ဒြပ်သဘာဝနှင့် အဝန်းအဝိုင်းဖြစ်သည်–၁ယော၊၄း၁၃၊ ၁၆ခ။

ခ။ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးကို ငှက်အမြင်ဖြင့် မြင်ဖို့လိုသည် – ဓမ္မသစ်ကျမ်း၏လေးပုံတစ်ပုံမှာ သုံးပါးတစ်ပါးဘုရား၌ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအကြောင်းအရာဖြစ်၍၊ ဓမ္မသစ်ကျမ်း၏လေးပုံသုံးပုံမှာ သုံးပါးတစ်ပါး ဘုရားနှင့်အတူ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအကြောင်းအရာဖြစ်သည်။

**II. ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်းမှာ ဧမာနွေလဖြစ်သော ခရစ်တော်နှင့်အတူ အသက်ရှင်ခြင်းဖြစ်သည် – "ကြည့်ရှုလော့၊ အပျိုကညာသည် ရင်သွေးရှိ၍၊ သားကို ဖွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ဟု လာသတည်း (ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိသော ဘုရားသခင်ဟု ဆိုလိုသတည်း) – မါ၁း၂၃။**

က။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို အသက်အဖြစ် (ရော၊ဂး၂၊၆၊ ၁၀–၁၁) သုံးပိုင်းရှိသော ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးပြီး–ကျွန်ုပ်တို့၏ ဝိညာဉ်၊ စိတ်နှင့်ခန္ဓာအထဲသို့ –ကျွန်ုပ်တို့အား ကိုယ်တော်၏ သားများဖြစ်စေကာ (အငယ်၊၁၄–၁၅၊၁၉၊ ၂၃၊ ၂၉၊၁၇) ခရစ်တော်၏ကိုယ်ခန္ဓာတော်စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် အသက်မြို့တော်တည်းဟူသော ယေရုရှလင်မြို့သစ် ဖြစ်လာကြမည်ဖြစ်သည် (ဗျာ၊၂၂း၁–၂)။

ခ။ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ သုံးပါးတစ်ပါးဘုရား၏ အသက်အဖြစ် ဝေငှဖြန့်ဖြူးပေးခြင်းကို တွေ့ကြုံခံစားရန်အ တွက် ကျွန်ုပ်တို့သည် ဧမာနွေလဖြစ်သော ခရစ်တော်နှင့်အတူ အသက်ရှင်သောသူများဖြစ်ရန် လိုအပ်သည် – ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိရန် လူ့ဇာတိကို ခံယူခဲ့သည် – ၁း၂၁–၂၃။

ဂ။ ယေရှု၏ မျက်မှောက်တော်မှာ ဧမာနွေလ၊ ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်ဖြစ်သည်။

၁။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အတူတကွ စည်းဝေးခြင်းများ၌ ကျွန်ုပ်တို့နှင့်အတူ ရှိနေတော်မူသည် – ၁ဂး၂၀။

၂။ ကိုယ်တော်သည် နေ့ရက်များတစ်လျှောက် ကျွန်ုပ်တို့နှင့်အတူ ရှိနေသည် – ၂ဂး၂၀။

၃။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကျွန်ုပ်တို့နှင့်အတူ ရှိနေသည်– ၂တိ၊၄း၂၂။

(က) ယနေ့ကျွန်ုပ်တို့၏ဝိညာဉ်သည် ဧမာနွေလမြေဖြစ်သည် – ဟေရှာ၊ဂး၇–ဂ။

(ခ) ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေတော်မူသောကြောင့် ရန်သူသည် ဧမာနွေလမြေကို မည်သောအခါမျှ သိမ်းယူ၍မရနိုင်ပေ – အငယ်၊၁၀။ ညွှန်း၊ ၁ယော၊၅း၄။ ယော၊၃း၆။

ဃ။ လက်တွေ့ကျသော ဧမာနွေလမြေမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသည့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏ မျက်မှောက်တော်တည်းဟူသော စစ်မှန်ခြင်း၏ဝိညာဉ်တော်ဖြစ်သည်။ ကိုယ်တော်၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ တစ်နေ့ပြီးတစ်နေ့သာမက၊ တစ်ချိန်ပြီးတစ်ချိန် အမြဲပင် ကျွန်ုပ်တို့နှင့်အတူရှိသည်– ၁း၁၄၊ ၁၄း၁၆–၂၀။ ၁ကော၁၅း၄၅ခ။ ၂တိ၊၄း၂၂။

၁။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သန့်ရှင်းသော နှုတ်ကပတ်တော် သွန်သင်ခြင်းအတွက် အတူတကွ စည်းဝေးခြင်း၌ သုံးပါးတစ်ပါးဘုရား၏မျက်မှောက်တော်ကို ဝမ်းမြောက်နိုင်သည် – မ၁ဂး၂၀။ ၂ဂး၂၀။ ဆာ၁၁၉း၁၃၀။ တ၊၆း၄။

၂။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ မျက်မှောက်တော်တည်းဟူသော ဝိညာဉ်တော်အားဖြင့် ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကို ဝမ်းမြောက်နိုင်သည် – ဂလ၊၆း၁၈။ တ၊၉း၃။

၃။ ဝိညာဉ်တော်၏ ဦးဆောင်ခြင်းနှင့် သက်သေခံခြင်းမှာ ကိုယ်တော်၏မျက်မှောက်တော်ဖြစ်သည် – ရော၊ဂး၁၄၊ ၁၆။

၄။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်တည်းဟူသော ဝိညာဉ်တော်အားဖြင့် သုံးပါးတစ်ပါးဘုရား၏ ဝေငှဖြန့်ဖြူး

ပေးခြင်းကို ဝမ်းမြောက်ကြသည် – ၂ကော၊၁၃း၁၄။

င။ ဧမာနွေလတည်းဟူသော ခရစ်တော်နှင့်အတူ အသက်ရှင်ရန်အတွက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုရားဆိုင်ရာ မျက်မှောက်တော်၌ ရှိရမည်ဖြစ်သည်။ ယင်းမှာ သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်း တည်းဟူသော အသက်ပေးသော ဝိညာဉ်တော် ဖြစ်သည် – ဂလ၊၅း၂၅။

၁။ ခရစ်တော်နှင့်အတူ အသက်ရှင်ရာတွင် ကျွန်ုပ်တို့သည် အသက်ရှင်နေဆဲဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့အားဖြင့်သာ မဟုတ်ဘဲ၊ ကျွန်ုပ်တို့၌ အသက်ရှင်နေသော ခရစ်တော်အားဖြင့် ဧမာနွေလဖြစ်သော ကိုယ်တော်နှင့်အတူ အသက်ရှင်ခြင်းဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည် သူ၏ဖြစ်ခြင်းကို ကျွန်ုပ်တို့၏ ဖြစ်ခြင်းအပြင်ပိုင်းသို့ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် သူ၏ရည်ရွယ်ချက်ကို မပြည့်စုံစေနိုင်ပေ။ ထို့ကြောင့် ကိုယ်တော်၏ဖြစ်ခြင်းကျွန်ုပ်တို့နှင့်အတူရှိခြင်းမှာ အတွင်းပိုင်း ဖြစ်ရမည်ဖြစ်သည်– ၂း၂၀။

၂။ ဧမာနွေလသည် ကျွန်ုပ်တို့၏ အသက်နှင့် ပုဂ္ဂိုလ်ဖြစ်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အင်္ဂါများဖြစ်ကြကာ ပုဂ္ဂိုလ်တစ်ဦး တည်းအဖြစ် ကိုယ်တော်နှင့်အတူ အသက်ရှင်ကြသည်။ ကျွန်ုပ်တို့၏ အောင်နိုင်ခြင်းမှာ ဧမာနွေလ၊ ယေရှု၏ မျက်မှောက် တော်အပေါ် မူတည်သည်။

၃။ အကယ်၍ ကျွန်ုပ်တို့၌ သခင်ဘုရား၏မျက်မှောက်တော်ရှိမည်ဆိုပါက ကျွန်ုပ်တို့တွင် ပညာ၊ ထိုးထွင်းဉာဏ်၊ ကြိုမြင်ခြင်းနှင့် အမှုအရာများနှင့်စပ်လျဉ်း၍ အတွင်းသိခြင်းရှိမည်ဖြစ်သည်။ သခင်ဘုရား၏မျက်မှောက်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်သည် – ၂ကော၊၂း၁၀။ ၄း၆–၇။ ဂလ၊၅း၂၅။ က၊၅း၂၂–၂၄။ ဟေဗြဲ၊၁၁း၅–၆။

စ။ ကျွန်ုပ်တို့သည် ကောင်းသောမြေ၏ စစ်မှန်ခြင်းတည်းဟူသော အရာအားလုံးပါဝင်သော ခရစ်တော်အထဲသို့ ဝင်ရောက်သွား၍၊ ကိုယ်တော့်ပိုင်ဆိုင်ကာ ဝမ်းမြောက်ကြလိုသည်ဆိုပါက ကျွန်ုပ်တို့သည် သင်ဘုရား၏ မျက်မှောက်တော်အားဖြင့် ပြုကြရမည်ဖြစ်သည်။ သခင်ဘုရားက မောရှေအား "ငါ၏မျက်မှောက်တော်သည် သင်နှင့်အတူ သွား၍ သင့်ကို နားခိုခြင်းပေးမည်ဟု ကတိတော်ပေးခဲ့သည်(ထွ၊၃၃း၁၄)။ ဘုရားသခင်၏မျက်မှောက်တော်သည် ကိုယ်တော်၏ လမ်းတော်၊ လူမျိုးတော်ဖြစ်သော ကျွန်ုပ်တို့အား ပြသသော၊ ကျွန်ုပ်တို့ယူဆောင်ရမည်ဖြစ်သော "လမ်းပြမြေပုံ"ဖြစ်သည်။

၁။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အရာအားလုံး ပါဝင်သောမြေ တည်းဟူသော ခရစ်တော်ကို အပြည့်အဝရယူပိုင်ဆိုင်လိုပါက၊ အရာအားလုံး၌ ဘုရားသခင်၏ မျက်မှောက်တော်သည် စံဖြစ်ကြောင်း အလေ့အလာကို ကိုင်စွဲထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့မည်သည့်အရာလုပ်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏ မျက်မှောက်တော် ရှိမရှိကို အလေးထားကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ မျက်မှောက်တော်ရှိပါက ကျွန်ုပ်တို့၌ အရာခပ်သိမ်းရှိပြီး ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော် ဆုံးရှုံးသွားသော် အရာအားလုံး ဆုံးရှုံးသွားပြီဖြစ်သည် – မ၊၁း၂၃။ ၂တိ၊ ၄း၂၂။ ဂလ၊၆း၁၈။ ဆာ၊၂၇း၄၊ ၈။ ၅၁း၁၁။ ၂ကော၊၂း၁၀။

၂။ သခင်ဘုရား၏မျက်မှောက်တော်၊ သခင်ဘုရား၏ပြုံးရွှင်တော်မူခြင်းသည် အုပ်စိုးခြင်းအလေ့အလာဖြစ်သည်။ ကျွန်ုပ်တို့ သည် တစ်ဆင့်ခံမျက်မှောက်တော်အားဖြင့် မဟုတ်ဘဲ၊ သခင်ဘုရား၏ တိုက်ရိုက်မျက်မှောက်တော်အားဖြင့် စောင့်ထိန်း ခြင်း၊ အုပ်စိုးခြင်း၊ အစိုးရခြင်းနှင့် လမ်းညွှန်ခြင်းတို့ကို ခံရကြမည်ဖြစ်သည်။

၃။ "ကျွန်ုပ်ငယ်ရွယ်စဉ်က အောင်မြင်ရန်၊ အောင်နိုင်ရန်၊ သန့်ရှင်းခြင်းရန်နှင့် ဝိညာဉ်ရေးရာရှိရန် စသည်တို့နှင့်စပ်လျဉ်း၍ နည်းလမ်းများစွာကို သင်ကြားခြင်းခံယူခဲ့ပါသည်။ သို့ရာတွင် ဤအရာများမှ တစ်ခုမှအလုပ်မဖြစ်ခဲ့ပါ။ နောက်ဆုံးတွင် သခင်ဘုရား၏မျက်မှောက်တော်မှလွဲ၍ အခြားသည့်အရာမျှ အလုပ်မဖြစ်ကြောင်းကို ခြောက်ဆယ့်ရှစ်နှစ်ကျော် အတွေ့အကြုံအားဖြင့် ကျွန်ုပ်တွေ့မြင်ခဲ့ရပါသည်။ ကိုယ်တော်၏ဖြစ်ခြင်းသည် ကျွန်ုပ်တို့နှင့်အတူရှိနေခြင်းမှာ အရာခပ်သိမ်းဖြစ်သည်။" (*Life-Study of Joshua*, p.48)

ဆ။ ဓမ္မသစ်ကျမ်းတစ်ခုလုံးသည် ဧမာနွေလဖြစ်၍ ယခုကျွန်ုပ်တို့သည် ဤကြီးမားသောဧမာနွေလ၏ အစိတ်အပိုင်းများ ဖြစ်ကြကာ ထာဝရကာလအတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်အဖြစ် ပြီးမြောက်ကြမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် "ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိခြင်း"ဖြစ်သော ဘုရား–လူ ဖြင့် အစပြုကာ၊ "ယေဟောဝါရှိတော်မူမည့်" ကြီးမားသော ဘုရား–လူ တည်းဟူသော ယေရုရှလင်မြို့သစ်ဖြင့် အဆုံးသတ်သည် – မ၊၁း၂၃။ ၁ကော၊၆း၁၇။ တ၊၉း၄။ ၁တိ၊၃း၁၅–၁၆။ ဗျာ၊၂၁း၃၊ ၂၂။ ယေဇ၊၄၈း၃၅။

## III. ဘုရားဆိုင်ရာသုံးပါးတစ်ပါးကို အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့၌ ရှင်ပြန်ထမြောက်သော ခရစ်တော် အသက်ရှင်နေခြင်း ရှိခြင်းဖြစ်သည် – ဂလ၊၂း၂၀ခ။ ဖိ၊၁း၁၉–၂၁က။

က။ ရှင်ပြန်ထမြောက်ခြင်းသည် ပုဂ္ဂိုလ်တော်ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်က သူသည် ရှင်ပြန်ထမြောက်ခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့သည် (ယော၊၁၁း၂၅)။ စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဖြစ်သော အသက်ပေးသော ဝိညာဉ်တော်သည် ရှင်ပြန်ထမြောက်

သော ခရစ်တော်နှင့် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းဖြစ်သည် (၁ကော၊၁၅း၄၅ခ။ ယော၊၁၄း၁၇။ ၁၆း၁၃။ ယော၊၅း၆။ ဖိ၊၃း၁၀။ ထွ၊၃၀း ၂၂–၂၅)။

ခ။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌ ကျွန်ုပ်တို့သည် အတွင်း၌ ကိန်းဝပ်နေသောဝိညာဉ်တော်နှင့် အပြင်ပိုင်း ပတ်ဝန်းကျင်အားဖြင့် ခရစ်တော်သေခြင်း၏ သေစေခြင်းအောက်တွင် ရှိနေကြသည်။ ကျွန်ုပ်တို့အတွင်း၌ ရှင်ပြန်ထမြောက်သော ခရစ်တော်ထင်ရှားလာရန်အတွက် အပြင်ပိုင်းပတ်ဝန်းကျင်နှင့် အတွင်းပိုင်းရှိ ဝိညာဉ်တော်သည် အတူတကွ ပူးပေါင်းကာ ကျွန်ုပ်တို့၏ ဇာတိလူကို သေစေနေသည် – ရော၊၈း၉–၁၀၊ ၁၃ခ၊ ၂၈– ၂၉။ ၂ကော၊၄း၇–၁၈။

၁။ ကျွန်ုပ်တို့အတွက် ဘုရားသခင်စီမံပေးထားသော ပတ်ဝန်းကျင်မှ ထွက်ပြေးမည်ဆိုပါက ကျွန်ုပ်တို့၌ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းရှိမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဤကန့်သတ်ထားသော ပတ်ဝန်းကျင်၌ နေထိုင်ပါက၊ ရှင်ပြန်ထမြောက်ခြင်းကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည် – ဧ၊၄း၁။ ၆း ၂၀။ ၂ကော၊၁း၈–၉၊ ၁၂။

၂။ ရှင်ပြန်ထမြောက်သော ခရစ်တော်၏ စစ်မှန်ခြင်းတည်းဟူသော ဝိညာဉ်တော်ကို တွေ့ကြုံခံစားရန် ကျွန်ုပ်တို့သည် မိမိတို့ဝိညာဉ်ထံ လှည့်ပြန်လာကာ ဆုတောင်းခြင်း၊ ချီးမွမ်းခြင်း၊ သီချင်းဆိုခြင်း သို့မဟုတ် ဘုရားကို စကားပြောခြင်း ရှိရကြမည်ဖြစ်သည်။ ဆာလံ၊၁၈ ၏ခေါင်းစဉ်က ဘုရားဆိုင်ရာ ဘုရားသခင်ကို လူသားဆိုင်ရာ ဒါဝိဒ်မှ စကားပြောခြင်းမှာ ဘုရားသခင်နှင့်အတူ ဒါဝိဒ်၏ရင်းနှီးကျွမ်းဝင်မှုရှိခြင်းကို ပုံဆောင်သည်။ တစ်ဆယ်မိနစ်ခန့် ဘုရားသခင်ထံသို့ စကားပြောခြင်းနှင့် ကိုယ်တော်နှင့်အတူ တိုင်ပင်ရှိပြီးနောက်တွင် ကျွန်ုပ်တို့သည် တောက်လောင်လျက်ရှိကာ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းတည်းဟူသော ဝိညာဉ်တော်နှင့်ပြည့်ဝနေမည်ဖြစ်သည်။

ဂ။ ယေရှု၏ စစ်မှန်ခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ကိုယ်တော်၏ လူသားအသက်တာဖြစ်သည်။ သခင်ဘုရား၏ နှစ်လိုဖွယ်ကောင်းသောဆွဲဆောင်ခြင်းနှင့် ပြုစုယုယခြင်းမှာ ဇာတိဆိုင်ရာမဟုတ်ဘဲ၊ လူသားဖြစ်ခြင်း၌ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်အားဖြင့် ဖြစ်သည်။ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ လူသားအသက်တာကို အသက်ရှင်ခဲ့သည်။ ယင်းမှာ မိမိကိုယ်တော်တိုင်အားဖြင့် မဟုတ်ဘဲ၊ အခြားသောအရင်းဖြစ်သော ခမည်းတော်အားဖြင့် ဖြစ်သည် – ယော၊၅း၁၉၊ ၃၀။ ၁၄း ၂၄။

၁။ ယေရှုသည် သူ၏ လူသားအသက်တာ၌ ဘုရားဆိုင်ရာအသက်ဖြင့် အသက်ရှင်ခဲ့သောကြောင့် သူ၏ လူသားအသက်တာသည် နက်နဲသော နက်နဲခြင်းဖြစ်လာခဲ့သည်။ သခင်ဘုရား၏ တပည့်တော်များအနေဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို ကြီးမားထင်ရှားစေခြင်းငှာ ကျွန်ုပ်တို့၏ လူသားအသက်တာ၌ ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ကြရမည်ဖြစ်သည် – ရော၊၁၃း၁၄။ ဂလ၊၂း ၂၀။ ဖိ၊၁း၁၉–၂၁။

၂။ ခရစ်တော်၏ နောက်တော်လိုက်သောသူများမှာ ကိုယ်တော်သည် လူသားဖြစ်ခြင်း၌ မိမိကိုယ်ကိုယ်ငြင်းပယ်ခြင်းအားဖြင့် ဘုရားကို အသက်ရှင်ခဲ့သည့် ဘုရား–လူ ၏စံနမူနာဖြစ်သော မြေကြီးပေါ် ခရစ်တော်၏ လူသားအရှင်ခြင်းမှတစ်ဆင့် (ယော၊၅း၁၉၊ ၃၀) လူသားဖြစ်ခြင်းနှင့်စပ်လျဉ်း၍ သူတို့၏ အတွေးအခေါ် ကို ပြောင်းလဲစေခြင်းဖြင့် (ဖိ၊၃း၁၀။ ၁း ၂၁က) တပည့်တော်များဖြစ်လာခဲ့ကြသည်။

၃။ ကျွန်ုပ်တို့အားလုံးသည် ဘုရားဆိုင်ရာနှင့် နက်နဲသောသူများဖြစ်လာကြရန် သခင်ဘုရားအားဖြင့် တပည့်တော်များ ဖြစ်စေခြင်းခံကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ဘုရားဆိုင်ရာနှင့် နက်နဲသော အသက်အားဖြင့် လူများကို ပြုစုယုယရမည်ဖြစ်သည်။ *ရှင်ပြန်ထမြောက်ခြင်း၌* ဟူသည်မှာ လူများကို ကျွန်ုပ်တို့၏ ဂရုစိုက်ခြင်း၌ ဇာတိအရာလုံးဝမပါရှိခြင်းကို ဆိုလိုသည်။

ဃ။ အပွင့်ပွင့်သောလှံတံမှာ ခရစ်တော်၊ ရှင်ပြန်ထမြောက်သောအရှင်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ အသက် ရှင်ခြင်းဖြစ်ရမည်ဖြစ်၍၊ ကျွန်ုပ်တို့၌ရှိသော ရှင်ပြန်ထမြောက်ခြင်းအသက်သည် အဖူးထွက်ခြင်း၊ ပွင့်လန်းခြင်း၊ အသီးသီးသောရင့်ကျက်ခြင်းသို့ ရောက်ရှိလာရမည်ကို ပုံဆောင်သည် – စာရင်း၊၁၇း၈။

၁။ စာရင်း၊၁၆ တွင် မှတ်တမ်းတင်ထားသည်အတိုင်း အစ္စရေးလူမျိုးတို့ ဆန့်ကျင်ပုန်ကန်ခြင်းပြုပြီးနောက်တွင် ဘုရားသခင်က အစ္စရေးလူမျိုး၏ မျိုးနွယ်တစ်ဆယ့်နှစ်မျိုးရှိသည်အတိုင်း တစ်ဆယ့်နှစ်မျိုး၏ ခေါင်းဆောင်များသည် လှံတံကိုယ်စီယူဆောင်လာကြကာ တဲတော်ရှေ့တွင်ရှိသော ပရိသတ်စည်းဝေးရာတဲ၌ ထားရမည်ဟု မိန့်တော်မူသည် (အငယ်၊ ၁၇း၄)။ ထို့နောက် ကိုယ်တော်က “ငါရွေးချယ်သောသူ၏ လှံတံသည် အဖူးထွက်လိမ့်မည်ဟု” မိန့်တော်မူသည် (အငယ်၊၅)။

၂။ လှံတံတစ်ဆယ့်နှစ်ချောင်းလုံးသည် အရွက်မရှိ၊ အမြစ်မရှိ၊ ခြောက်သွေ့၍ အသေဖြစ်ကြသည်။ သို့ရာတွင် အဖူးထွက်သောလှံတံသည် ဘုရားသခင်ရွေးချယ်သောလှံတံ ဖြစ်လိမ့်မည်။ ဤနေရာတွင် ရှင်ပြန်ထမြောက်ခြင်းမှာ ဘုရားသခင်၏ ရွေးကောက်ခြင်းအခြေခံဖြစ်၍၊ အစေခံခြင်း၏ အခြေခံမှာ ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာ အသက်မဟုတ်ကြောင်းကို မြင်ရသည်။ ထို့ကြောင့် အဖူးထွက်သောလှံတံမှာ ဘုရားသခင် ပေးအပ်ထားသော အမှုတော်၌ အခွင့်အာဏာတော်အတွက်

ဘုရားသခင်အားဖြင့် လက်ခံသော ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းကို ပုံဆောင်သည်။

၃။ အစေခံခြင်းအားလုံး၏ အလေ့အလာမှာ အဖူးထွက်သော လှံတံအပေါ် မူတည်နေသည်။ ဘုရားသခင်သည် လှံတံတစ်ဆယ့်တစ်ခုကို ခေါင်းဆောင်းများထံ ပြန်ပေးအပ်ခဲ့သော်လည်း၊ အာရုန်၏ လှံတံကိုကား ထာဝရအောက်မေ့စရာအဖို့ ပဋိညာဉ်သေတ္တာတော်အထဲ၌ သိမ်းဆည်းထားခဲ့သည်။ ဤသည်ကား ဘုရားသခင်ထံ ကျွန်ုပ်တို့၏ အစေခံခြင်း၌ ထာဝရ အလေ့အလာမှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်ကြောင်းကို ဆိုလိုသည် – အငယ်၊၉–၁၀။

၄။ အာရုန်၏ လှံတံ အဖူးထွက်ပြီးနောက်၊ မည်သူမျှမာနထောင်လွှားစရာအကြောင်း မရှိတော့ပေ။ အရာခပ်သိမ်းမှာ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော်အပေါ် မူတည်ကြောင်း၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌ ဘာမျှမလုပ်ဆောင်နိုင်ကြောင်း သူ၏ အတွေ့အကြုံက ပြဖော်ပေးသည်– ၂ကော၊၁၂း၇–၉။ ရော၊၉း၁၅–၁၆၊ ၂၁၊ ၂၃။ လု၊၁း၇၈–၇၉။

၅။ ကျွန်ုပ်တို့၏ ပြည့်စုံလုံလောက်မှုမှာ ဘုရားသခင်ထံမှဖြစ်၍၊ ကျွန်ုပ်တို့တွင် မည်သူမျှဝါကြွားစရာအကြောင်း မရှိပေ။ မိုက်မဲသောသူသာလျှင် သူသည် အခြားသူများထက် သာသည်ဟု ပြောဆိုပေမည် (၂ကော၊၃း၅။ မ၊၂၆း၃၃။ ယော၊ ၂၁း၁၅။ ညွှန်း၊ မာ၊၁၁း၉)။ နှိမ့်ချခြင်းသည် ပျက်စီးခြင်းအလုံးစုံမှ ကျွန်ုပ်တို့ကို ကယ်တင်ပေး၍၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ဖိတ်ခေါ် ပေးသည် (၂ကော၊၁၂း၇–၉။ ယာ၊၄း၆။ ညွှန်း၊ ရာ၊၁၂း၃။ ဂလ၊၅း၂၆။ မ၊၁၈း၃–၄။ ၂၀း၂၀–၂၈။ ၂ကော၊၄း၅)။

၆။ ရှင်ပြန်ထမြောက်ခြင်းမှာ အရာခပ်သိမ်းဖြစ်၍၊ ယင်းသည် ကျွန်ုပ်တို့၏ ဇာတိအသက်နှင့် ကျွန်ုပ်တို့၏ ကိုယ်၌ ဖြစ်ခြင်းထဲက ထွက်လာခြင်းမဟုတ်ပေ၊ ယင်းသည် ကျွန်ုပ်တို့၏ တတ်စွမ်းနိုင်မှုအပေါ် တွင်လည်း မမူတည်ပေ။ ရှင်ပြန်ထမြောက်ခြင်းမှာ ကျွန်ုပ်တို့လက်လှမ်းမမီနိုင်သော၊ ကျွန်ုပ်တို့ကိုယ်တိုင်၌ မလုပ်ဆောင်နိုင်သောအရာများကို ပြောဆိုနေသည် – ၁း၈–၉။ ၄း၇။

၇။ ရှင်ပြန်ထမြောက်ခြင်းဟူသည် အရာခပ်သိမ်းမှာ ဘုရားသခင်၏ အရာဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ အရာမဟုတ်ကြောင်း၊ ဘုရားသခင်တစ်ပါးတည်းသာလျှင် တတ်စွမ်းနိုင်၍ ကျွန်ုပ်တို့ မတတ်စွမ်းနိုင်ကြောင်းကို ဆိုလိုသည်။ ရှင်ပြန်ထမြောက်ခြင်း ဟူသည် အရာခပ်သိမ်းမှာ ဘုရားသခင်အားဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ကျွန်ုပ်တို့အားဖြင့် မလုပ်ဆောင်နိုင်ကြောင်းကို ဆိုလိုသည် – ၁း၁၂။ ဖိ၊၃း၁၀–၁၁။

၈။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာမှာ ဇာတိအဝန်းအဝိုင်းနှင့် ဆိုင်၍၊ ကျွန်ုပ်တို့လုပ်ဆောင်ရန် မဖြစ်နိုင်သောအရာမှာ ရှင်ပြန်ထမြောက်ခြင်းအဝန်းအဝိုင်းနှင့်ဆိုင်သည်။ လူတစ်ဦးတစ်ယောက်မှာ မိမိသည် လုံးလုံးအသုံးမရသူဖြစ်ကြောင်း သိမြင်ရသော လမ်းဆုံးသို့ ရောက်ရှိလာမည်ဖြစ်သည် – မ၊၁၉း၂၆။ မာ၊၁၀း၂၇။ လု၊၁၈း၂၇။

၉။ ခရစ်ယာန်တစ်ဦးဖြစ်ခြင်းနှင့် အောင်မြင်သောသူတစ်ဦး ဖြစ်ခြင်းမှာ ခက်ခဲရုံသာမကပါ – ယင်းမှာ မဖြစ်နိုင်သောအရာ ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်ဖို့ လိုအပ်သည်။ အရာအားလုံးပါဝင်သော ဝိညာဉ်တော်တည်းဟူသော ကျွန်ုပ်တို့၌ အသက်ရှင်နေတော်မူသည့် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသာလျှင် ခရစ်ယာန်တစ်ဦး၊ အောင်မြင်သောသူတစ်ဦး ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် လိုအပ်မှု၊ မတတ်စွမ်းနိုင်မှု သို့မဟုတ် ဒုက္ခအခက်အခဲ အခြေအနေ ရင်ဆိုင်ရသောအခါ ထိုအမှုအရာအတွက် ကိုယ်တော့်ကို ကြားပြောနိုင်သည်။ ထိုအခါ ကျွန်ုပ်တို့၌ အသက်ရှင်နေသော ကိုယ်တော်သည် အခြေအနေကို လာရောက်ရင်ဆိုင်ပေး၍ လိုအပ်သောအရာမှန်သမျှကို ဆောင်ရွက်ပေးကာ ကျွန်ုပ်တို့သည် ခရစ်တော်ကို အလိုအလျောက် အသက်ရှင်ကြမည်ဖြစ်သည် – ဖိ၊၄း၅–၇၊ ၁၂။ ၁း၂၁က။

© 2021 Living Stream Ministry